# CHRIST IS VICTOR

For those who seeking The Truth & Dynamic Living

“သမ္မာတရားနှင့် ကြွယ်ဝသော အသက်တာ ရှာဖွယ်သူများအတွက်”

Christ is Victor

“ခရစ်တော်သည် အောင်နိုင်သူ”

စက်တင်ဘာလ၊ အောက်တိုဘာက ၊ ၂၀၁၀

“အရာ၌ လုံလောက်သော ကယ်တင်ရှင်၌ ယုံကြည်ခြင်း”

“ Faith in our all Sufficient Savior”

ကျွန်ုပ်တို့၏ အတွေးတောများနှင့် စီမံကိန်းများသည် ဘုရားသခင်နှင့် လျှောက်လှမ်းမှုများကို နီးကပ်စွာ အလေးချိန်ရာ ဖြစ်ပါသည်။ များစွာသော သူများသည် ယုံကြည်ခြင်း၌ လျှောက်လှမ်းခြင်းကို မသင်ယူကြပါ။ ယုံကြည်ခြင်းအားဖြင့် ကယ် တင် ရှင်ယေရှုကို ကိုးစားယုံကြည်လျှင် လမ်းမရှိသည့် နေရာ၌လမ်းပြင်ဆင်ပေးတော်မူ၏။ အသက်တာပြောင်းလဲသောယုံကြည်သူသည်ဘုရားသခင်မစွန့်လွှတ်ကြောင်းသူနားလည်ယုံကြည်သည်။ဘုရားသခင်သည် မိမိလူတို့ကို  သိုးစုကဲ့သို့ ကယ်တင်တော်မူသည်။ ကျေးဇူးတော်သည် အလွန်ကြီးစွာတကား။ထို့ကြောင့်ဘုရားသခင်ကိုရှာသောသူအတွက်ကြီးမားသောမျှော်လင့်ခြင်းရရှိမှာဖြစ်သည်။

ကျမ်းစာ ဘတ်ရွတ်ပြီး ဆုတောင်းသော အခါ ယုံကြည်ခြင်း၌ အသက်တာ ကြီးထွားလိမ့်မယ်ဖြစ်ပါသည်။ မဆင်မခြင် ကြောက်ရွံ့ခြင်းနှင့် အထိတ်တလန့် ဖြစ်ခြင်း တို့သည် လူတို့၏ မနှစ်မြို့ဘွယ် အကောင်းဆုံးသော စိတ်ခံစားမှု တရပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ယုံကြည်ချက်အတွက် ရပ်တည်နိုင်သောအခါ နှိပ်စက်ညှည်းဆဲခြင်းကို ခံ

ရသောအခါ၌ဖြစ်စေ၊ အထီးကျန်ဖြစ်ပြီး ဆုံးရှုံးမှုနှင့် တွေ့ကြုံရသောအခါ၌ ဖြစ်စေ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ခွန်အားဗလဖြစ်ပါသည်။ အခက်အခဲနှင့် ရင်ဆိုင်ရသောအခါ ခိုင်ခံ့ရဲရင့်ခြင်းရှိ ရန် ကျွန်ုပ်တို့ကို တိုက်တွန်းထားပြီး အနာဂတ်ကို ယုံကြည်စိတ်ချ အ ပြည့်အဝဖြင့် ဆက်လှမ်းသွားရပေမည်။ သစ္စာနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် အတူရှိနေခြင်းကြောင့်၎င်း၊ ရှင်ပြန်ထမြောက်တော်မူသော သခင် ဘုရားသည် ကျွန်ုပ်တို့ကို ခွန်အားနှင့် ပတ်စည်းခြင်းကြောင့်၎င်း၊ နှစ်သိမ့်ခြင်းကို ပေးတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ အသက်တာ၌ အသက် ရှင်ခြင်းကြောင့်၎င်း ကျွန်ုပ်တို့သည် ရဲရင့်နိုင်ပါသည်။ ကျွန်ုပ်တို့၏ နေ့ရက် အသက်တာ အားလုံးကို ဘုရားသခင် အုပ်စိုးလျက်ရှိနေတော်မူခြင်းကပင် ရဲရင်ခြင်းကပင် ရဲရင့်ခြင်း၏ အဓိက အချက်ပင်ဖြစ်သည်။

အမှုတော်ဆောင်ရန် မိသားစု အိမ်ကို ထွက်ခွာခဲ့သည့် အချိန် အတောအတွင်း၌ အမျိုးသမီးသည် ကလေးများ စောင့်ရှောက်ရေး၌၎င်း နေ့စဉ် အစားအသောက်အတွက် ကြုံခဲ့ဆင်းရဲနွမ်းပါးခြင်းကြောင့် အခက်အခဲ ရင်ဆိုင်ခဲ့သည်။ ကလေးများအတွက် အစားအသောက် မရှိသည့်အခါ၌ စည်သွပ်ဘူးကို ငွေအကြွေစေ့နှင့် ရောင်းပြီး နေ့စဉ် အစားအသောက်ဖို့အတွက် လုံလောက်နိုင်ရန် စီမံခန့်ခွဲထားပါသည်။ ကောင်းမြတ်တော်မူသော ဘုရားသခင်ကို ယုံကြည်ကိုးစားသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ အမြဲရှိနေသည်။ သို့မက ကိုယ်တော်သည် အမွေခံရာ၊ စားသောက်ရာလဲဖြစ်၏။ နှစ်ပေါင်းမြောက်များ စွာကြာသော ရေခဲသေတ္တာသည် ကျွန်ုပ်တို့အိမ်၌ မရှိပါ။ ကိုယ်၌ ရှိသော ဥစ္စာနှင့် ကျေနပ်ရောင့်ရဲနိုင်ရန် နေ့စဉ် အသက်တာ သင်ယူနေခဲ့သည်။

ကလေးဘဝအချိန်၌ လုပ်ခ အနည်းငယ်ရဖို့ရာ မိခင်၏ အလုပ်စာ အဟောင်းများကောက်ယူ အရောင်းကို ကူညီခဲ့သည်။ ဤသေးငယ်သော အလုပ်၌ ကျေနပ်ရောင့်ရဲပြီး ငြီးတွားမှုမရှိ သူတပါးကိုလည်း အကူအညီ မတောင်းပါ။ စစ်မှန်သော ဘုရားသခင် သင်ပေးထားသည့် အပေါ်နှင့် ကတိတော်သည် ကျွန်ုပ်တို့၏ ဘဏ္ဍာ ပင်ဖြစ်ပါသည်။ ဘုရားသခင်ကို ယုံကြည်ကိုးစားသည့်အခါ ကျယ်ပြန့်သော လယ်တော်

ကြီးကိုပင် ယခု ပေးသနားတော်၏။ သင်သည် လူထောင်ပေါင်းမြောက်များစွာ၏ အသက်ကယ်တင် ခြင်းအတွက် ဆုတောင်း ခဲ့ပါသလား၊

သမ္မာတရား၌ သင်၏ ယုံကြည်ခြင်းကို စစ်မှန်စွာ တန်ပြန် နိုင်သော ဆုတောင်း ခြင်း ဝန်ထုတ်ပိုးရှိနိုင်ဖို့ ဘုရားသခင်ကို တောင်းလျှောက်တော်မူပါ။

–ယေယရှု ဒံယေလ

“အမှန်တကယ် စမ်းစစ်ခြင်း”

“Reality Check”

ထာဝရ ဘုရားကို ကြောက်ရွံ့၍ ပညတ်တော်တို့၌ အလွန် မွေ့လျော်သော သူသည် မင်္ဂလာရှိ၏။ ထိုသူ၏ သားမြေးတို့သည် မြေပေါ်မှာ အားကြီးကြလိမ့်မယ်။ ဖြောင့်မတ်သော သူတို့၏ အမျိုးအနွယ်သည် မင်္ဂလာရှိတတ်၏။ (ဆာလံ ၁၁၂း၁–၂)

“အကြီးမြတ်ဆုံးသော ဆုကျေးဇူး”

“The Greatest Gift”

“ဆုကျေးဇူးတော် အထူးထူး အထွေထွေ ရှိသော်ငြားလည်း သခင် တပါးတည်း ရှိ၏။ (ကောရိန္သု ပဌမ စာစောင် ၁၂း၄)

သမ္မာ ကျမ်းစာ၌ ဆုကျေးဇူး အမျိုးမျိုး ရှိကြောင်း ဖော်ပြထားသည်။ ထိုကျမ်းပိုဒ် သည် အဓိက အားဖြင့် မှားယွင်းသော သင်ကြားခြင်းကို ဆန့်ကျင်သည်။ အချို့သော ဆု ကျေးဇူးများမှာ မိမိကိုယ်ကို တည်ဆောက်ရန် အတွက်သော်လည်းကောင်း၊ အဓိက အားဖြင့် ခရစ်တော် အကြောင်းကို သက်သေခံရန် သော်လည်းကောင်း၊ အခြား သူများ ကို အစေခံရန် သော်လည်းကောင်း၊ အသင်းတော်ကို တည်ဆောက်ရန် သော်လည်း ကောင်း ယုံကြည်သူများကို ပြင်ဆင် ပေးခြင်းဖြစ်ပါသည်။

ဆရာမ တယောက်သည် အသင်းတော်၌ အစည်းအဝေး တက်ရောက်ပြီး တရား ဒေသနာ ကြားနာပြီး နောက်ပိုင်းမှာ ဘုရားသခင် ခေါ်တော်မူခြင်းကို လက်ခံရရှိခဲ့သည်။ အိမ်တွင် ညသန်းခေါင် ရောက်သည့်အခါ သူမ၏ နှလုံးသားနှင့် ခရစ်တော် ခေါ်တော်မူ ကြောင်းကို သိရှိ နားလည်သည့် အခါ သူမ၏ အသက်တာသည် အလွန် ဝမ်းမြောက်ခဲ့ပါသည်။ သခင်သခင်ဟု ပါးစပ် အားဖြင့်သာ လျှောက်လျှင် အသက်တာ၌ ဝမ်းမြောက်ခြင်းရှိမှာ မဟုတ်ပါ။ စိတ်နှလုံး အကြွင်းမဲ့နှင့် ကိုယ်တော်ကို ရှာဖွေသောသူ အသက်တာ၌ အသစ်သော ချစ်ခြင်းမေတ္တာ၏ ဝိညာဉ်တော်ကို လက်ခံရရှိမှာ ဖြစ်ပါ သည်။

ဝိညာဉ် ဆုကျေးဇူးကို ပေးခြင်းဖြင့် ခရစ်တော်၏ ကိုယ်ခန္ဓာ တည်းဟူသော အသင်းတော်ကို တည်ဆောက်ရန်၌ အထူးသဖြင့် ကူညီနိုင်ပါသည်။ သို့ရာတွင် စာ တန်သည် လူတို့ကို လှည့်စား၍ ဆုကျေးဇူး အတုများကို ပေးခြင်းဖြင့် အသင်းတော်ကို အတွင်းအပြင် ဖျက်ဆီးရန် အဆိုးဆုံး လုပ်ဆောင်နေပါသည်။ အချို့ တမန်တော် ခေတ် ကသာ ထိုဆုကျေးဇူး ရှိသည် ဟူ၍လည်းကောင်း၊ အချို့က ယခင်က ရှိခဲ့သလို ယခု လည်း ရှိနေဆဲဖြစ်ပြီး အသင်းတော် သမိုင်း တလျှောက်လုံးနှင့် ယခုမျက်မှောက်ခေတ် အထိရှိနေသည်ဟု ယုံကြည်ကြပါသည်။

“ငါသည် ထာဝရဘုရား ဖြစ်၏။ ထိုနာမသည် ငါ့နာမ ဖြစ်၏။ ငါ့ဘုန်းကို အခြား သော သူအား လည်းကောင်း၊ ငါ့အသရေကို ရုပ်တု ဆင်းတု တို့အားလည်း ကောင်း ငါမပေး။ (ဟေရှာယ ၄၂း၈)” ကိုယ့်အတွက် ငါပြုဦးမည်။ ငါ့ နာမသည် ရှုတ်ချ ခြင်းကို အဘယ်ကြောင့် ခံရမည်နည်း။ ငါ့ ဂုဏ်သရေကို သူတပါးအား ငါမပေး။ (ဟေရှာယ ၄၈း၁၁) အဲန်ပရက်(စ်)တုန်သည် သူဖျားနာသည့် အခါ ကြက်ဥ ဥပေးလေ့ ရှိသော သူ မ၏ ကြက်ဥကို ဘုရားသခင်ထံ ဂုဏ်ပြုလေသည်။ သူမ ဆုတောင်းပြီး ဘုရားသခင် ပြော သည်မှာ ငါသည် ဤကြက်မကို ဖန်ဆင်း၏၊ အခြားသူ၌ ဤဘုန်းတော်ကို ငါမပေး။

သင်၏ သားသမီးများ နေမကောင်းသည့်အခါ သင့်ကို ဘုရားသခင်၏ အနာငြိမ်း စေရန် အသုံးပြုနိုင်သည်။ ဝိညာဉ် ဆုကျေးဇူးများသည် သန့်ရှင်းသော ဝိညာဉ်တော်၏

တန်ခိုးအားဖြင့် ဖြစ်ပါသည်။ ဖိလိပ္ပုသည် ရဲရင့်စွာ အီသီအိုပီယာ အရာရှိကို သွားတွေ့ စကားပြောခဲ့သည်။ သူသည် စစ် မိးရထားကိုလည်း ပြန်လည် ရယူနိုင်ခဲ့သည်။ ဝိညာဉ် ခွန်အား ရရှိနိုင်ဖို့ သင်သည် သဲကန္တာရ၌ ဘုရားသခင်က သင့် ကို ပို့ဆောင်နိုင်သည်။ သင်၏ အသက်တာသည် ဘုရားသခင်အတွက် တန်ဖိုး ကြီးမြတ်၏။ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားနိုင်ဖို့ရန်နှင့် အလိုတော်အတိုင်း အသက်တာ လျှောက် လှမ်းရမည် ဖြစ်ပါသည်။ သင်သည် ကြီးမားသော တာဝန်ထမ်းဆောင်ဖို့ရန် ဘုရားသခင် အခွင့် အရေး ပေးထားသည်။ သင်သည် ဘုရားသခင်၏ ကိုယ်ခန္ဓာဖြစ်ပါသည်။  ဘုရားသခင် သည် လူသားအားလုံးကို ပေါများသော ကောင်းချီး မင်္ဂလာ ပေးချင်ပါသည်။ ညီအစ်ကို တို့၊ သင်တို့သည် ကောင်းသော ပကတိတော်နှင့် ပြည့်စုံ၍ အရာရာတို့ကို ငါ သဘော ကျလျက်ရှိသသည်။ (ရောမ ၁၅း၁၄) ဘုရားသခင်သည် မိမိ၏ လူတို့ကို မျှော် လင့်ချက် ပေးခဲ့သည်။ ဤ ကတိတော် အားလုံးသည် ယေရှုခရစ်တော်၌ ပြီးပြည့်စုံခဲ့ကြောင်း ဓမ္မ ကျမ်းစာက ဖော်ပြထားသည်။ ခရစ်တော်ကို သိသော သူတို့၏ မျှော်လင့်ခြင်းကား၊ အ သက်တာ၌ မြဲမြံ ခိုင်ခံ့သော သဖွယ် ဖြစ်တော့သည်။ ဘုရားသခင်၏ သစ္စာရှိခြင်းနှင့် ကိုး စား ထိုက်ခြင်းအပေါ် အမြစ်တွယ်လျက်ရှိသည်။ ထို့ကြောင့် စိတ်နှလုံး အကြွင်းမဲ့ သခင် ယေရှုမိန့်တော်မူသည်မှာ “ငါနှင့် ငါ အိမ်သား ဖြစ်လျှင် ထာဝရကိုသာ ဝတ်ပြုမည်”ဟု ဆိုလေသည်။ ဘုရားသခင်သည် သင်ကို ချစ်ခြင်း မေတ္တာ အပြည့်နှင့် ဝိုင်းရံပြီး ထိန်းချုပ် ထားသည်။ “ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရ ဘုရား မိန့်တော် မူကား၊ သင်တို့ကို ဖျက်ဆီးသော လူမျိုးတို့ရှိရာသို့ ဘုန်းထင်ရှားပြီးမှ ငါ့ကို စေလွှတ် တော်မူ၏။ သင်တို့ကို ထိသော သူသည် မျက်ဆန်တော်ကို ထိသောသူ ဖြစ်၏။ (ဇာခရိ ၂း၈)

အယ်(န်)ဒ်ယေလ

“ရှင်လန်း ဝမ်းမြောက်သော ယုံကြည်ခြင်း”

“Triumphant Faith”

သူမ၏ မိသားစုတို့သည် ခိုလှုံရန် နေရာ အဖြစ် ဂျူး ဒုက္ခသည် များကို ထောက်ပံ့ကူညီ

ခဲ့သည်။ ထို့ကြောင့် ကော်ရီဆဲန် ဘော(န်)သည် အဖမ်းခံပြီး ဂျာမန် အစွန်းရောက်ဇီ ဝါဒ စနစ် စခန်း၌ ရက်စက် ယုတ်မာစွာ ထားခဲ့ကြသည်။ တစ်ဦး ဖြစ်နေခြင်း ခံစားနေသည်။ ချစ်ခြင်း မေတ္တာနှင့် ခွန်အားပေးသော စကား တစ်ခွန်းမှ မရှိ ဝမ်းနည်းစရာပဲ ဖြစ်ပါသည်။ ဒါပေမယ့် ရုတ်တရက် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း အသံကြားရခဲ့သည်။ လူသေ အလောင်းထားသည် အခန်းကို ဝင်ရောက်ခဲ့သည့်အခါ လူသေအလောင်းကို တွေ့ မြင်သည်။ ဤအခန်းကို ထွက်ခွါပြီးနောက် မိနစ် အနည်းငယ် ကြာမှ နောက်ထပ်တခန်း ကို ပြန်ကြည့်သည့် အခါ ဘက်စီ၏ မျက်နှာပြုံးပြုံးလေးကို တွေ့မြင်ခဲ့ပါသည်။ ဘက်စီ သည် ဝမ်းမြောက်စွာနှင့် တွေ့မြင်ခဲ့သည်။ အချုပ်ခံ၍ ဝမ်းနည်း အားငယ်ခြင်း တဖက်တွင် ငြိမ်သက်ပျော်ရွှင်ခြင်း အသက်တာကို လက်ခံရရှိခဲ့သည်။ ဘုရားသခင်သည် မိမိလူ တို့ကို သိုးစုကဲ့သို့ ထိန်းသိမ်းပြီး ကယ်တင်တော်မူ၏။ ကျွန်မ၏ အသက်တာသည် တိုက်ပွဲကြီးကဲ့သို့ဖြစ်သည့်အခါ ဤကဲ့သို့ ဆုတောင်းလေ၏။ "ကျွန်မ၏ ဝန်ထုပ်ဝန်ပိုးများကို ထမ်းဆောင်နိုင်ဖို့ ကိုယ်တော်သည် ကျွန်မကို သင်ပြတော်မူပါ"။ သူတပါး အပေါ် ဒုက္ခဆင်းရဲခြင်း မကျရောက်စေဖို့ ကျွန်မကို ထိန်းချုပ်တော်မူပါ။ပြင်းထန်သော မုန် တိုင်းကဲ့သို့ ဝမ်းနည်း အားငယ်ခြင်း ကျရောက်ပါစေ ကိုယ်တော်သည် ကျွန်မနှင့် အတူ ရှိတော်မူသောကြောင့် ရင်ဆိုင်ရဲပါသည်။ ကိုယ်တော် ကျွန်မကို ငြိမ်သက်ခြင်းနှင့် ကာကွယ်စောင့်ရှောက်တော်မူပါ။

(ကောက်နှုတ်ထားသည်)

"ဘုရားသခင်အတွက် အားနည်းသောသူ မရှိ"

"No one is too weak for God"

ဒီးအယ်(လ်) မူးဒီ သည် ယယ်ရွယ်စဥ် ပညာသင်ကြားရေး အချိန်တွင် အပြစ်ကင်းသောသူ တစ်ယောက်ဖြစ်ပါသည်။ သူ ရေးသားသေသားများ သည် သဒ္ဓါမှား များပြီး အဖတ် ခက်ခဲ့လျက်ရှိပါသည်။ သူ၏ အပြင်ပိုင်း ကိုယ်ကာယသည် စိတ်ထဲတွင် စွဲမြဲမှု

ဟူ၍မရှိပါ။ သူ၏ စကားပြော အသံသည် နားလည်ရန် ခက်ခဲ့လှ၏။ ဒါပေမယ့် သူ၏ အားနည်းချက်များသည် ဘုရားသခင် အသုံးပြုမှု၌ အတားအဆီးမရှိပါ။ မူးဒီးသည် ဗြိန်တိန် မျိုးရိုးကြီးမြတ်သူတို့ အုပ်ချုပ်ခြင်းနှင့် လက်မှုပညာရေးဆိုင်ရာ ရေးထားသည့် စာစောင်ကို သတင်းစာ၌ ထည့်ပေးရန် သတင်းထောက်ကို ပို့လိုက်သည်။ သတင်းထောက်သည် မူးဒီး၏ စာစောင်ကို ကြည့်ရှု စစ်ဆေးပြီးသော အခါ မူးဒီး၏ အလွန် အံ့အားသော အလုပ်အပေါ် ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။ မူးဒီးက ဘုရားသခင်၏ တတ်နိုင်စွမ်းဖြစ်သည်ဟု ပြန်ပြောလေသည်။

"ရှာသောသူတိုင်းအတွက် လှို့ဝှက်သော ဝမ်းမြောက်ခြင်း တွေ့ရှိ၏။ ပင်ပန်းစွာ အလုပ်လုပ်၍ ရရှိသော အသီးသည် ခွန်အားကြောင့်သာဖြစ်၏။ ထိုခွန်အား အလုပ်လုပ်နိုင်ဖို့ ကျန်းမာခြင်း ပေးသနားတော်မူသော နာမတော်ကို ချီးမွမ်းကြလော့"။ ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ကိုးစားကြလော့။ ကိုယ့်ညဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။ ငါသည် ပညာရှိသည်ဟု ကိုယ်ကို မထင်နှင့် ထာဝရဘုရားကို ကြောက်ရွံ့၍ ဒုစရိုက်ကို ရှောင်လော့။ ယုံကြည်သော စိတ်နှင့် အကျင့်ကို ကျင့်ပြီး ချစ်သော စိတ်နှင့် ကြိုးစား အားထုတ်ခြင်း ငါတို့ သခင် ယေရှုခရစ်ကို မျှော်လင့်သော စိတ်နှင့် တည်ကြည်ခြင်းတို့ကို ငါတို့သည် အစဉ်မပြတ် အောက်မေ့ကြလော့။ ထို့ကြောင့် ဘုရားသခင် အတွက် အားနည်းသော သူမရှိ၊ ဘုရားသခင် အသုံးမပြုနိုင်သော သူမရှိ။ ခရစ်တော်၏ တန်ခိုးသည် ငါတို့အပေါ်၌ ကိန်းဝပ်မည် အကြောင်း ငါတို့ကိုယ်၌ အားနည်းခြင်း အဖြစ်ကို ဝမ်းမြောက်သော စိတ်နှင့် ဝါကြွားခြင်းငှာ သာ၍ ငါတို့ကို အလိုရှိ၏။ "အကြောင်းမူကား ငါသည် အားနည်းသော အခါ တန်ခိုးနှင့် ပြည့်စုံလျက်ရှိ၏" (ကောရိန္သု ဒုတိယစာစောင် ၁၂း၉) ဘုရား သခင်သည် အသုံးမပြုနိုင်သော သူမရှိ။ အကျွန်ုပ်တို့သည် ဘုရားသခင်အတွက် တန်ဖိုးနှင့် ပြည့်စုံသောသူ ဖြစ်ကြသည်။

(ကောက်နှုတ်ထားသည်)

“ဒုက္ခဝေဒနာ ခံစားခြင်းမှ ကောင်းချီး မင်္ဂလာ ခံစားခြင်း”

“Suffering precedes Blessing”

ဒုတိယ ကမ္ဘာစစ်ကြောင့် လူသားထဲ၌ ဝေဒနာ ခံစားခြင်းနှင့် သေခြင်း ရောက်ရှိခဲ့သည်။ ကျွမ်းကျင်သူများ တွက်ချက်အရ လူသားပေါင်း ၅၅ သန်း သေဆုံးပြီး ဂျူးလူမျိုး ၆ သန်းကျော်ကို ကြမ်းတမ်းစွာ ဖမ်းဆီးပြီး စခန်းမှာ ထားရှိခဲ့သည်။ နိုင်ငံတိုင်း မိသားစုတိုင်း ကြေမွအောင် ခွဲပစ်ခဲ့သည်။ ဤအချိန်သည် ကြီးမားသော ဆိုးရွားမှု ပျက်ဆီးခြင်း အချိန်ဖြစ်သည်။

စစ်အတောအတွင်း ဆေးတတ် ဆရာဝန်များသည် စစ်ကြောင့် ပြင်းထန်သော ဝေဒနာ ခံစားမှုရောဂါ ကူးစက်ခြင်းကို လက်တွေ့ ကုသနိုင်ရန် ကြိုးစားပမ်းစား သုတေသန ပြုခဲ့ကြသည်။ ၁၉၄၁ ခုနှစ်တိုင် ဆရာများတို့သည် ရောဂါ ကူးစက်ခြင်းတို့ကို ကုသနိုင်ရန် အကောင်အထည် မဖော်နိုင်ပါ။ စစ်ကြောင့် အဓိက အားဖြင့် အင်္ဂလန် နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ရောဂါ ကူးစက်ခြင်း တိုက်ဖျက်ဖို့ ပင်နီဆီလင် ဆေးကို ထုတ်လုပ်နိုင်ရန် နည်းလမ်းရှာဖွေခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် အလားဇဲန်ဒါးဖလိမင်း(န်)က ရှာဖွေ တွေ့ရှိ ထုတ်လုပ်ခဲ့သည်။ ပင်နီဆီလင်ဆေး ရှိပါသော်ငြားလည်းပဲ ဆေးကုသမှုနှင့် ဆိုင်သော အဖွဲ့အစည်းက အနည်းငယ်ပြန်လည် ထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့ပြီး စစ်ကြောင့် ကူးစက်ခြင်း တိုးပွားလာသည့်အခါ အင်္ဂလန်နိုင်ငံသည် အရည်အသွေး ပိုမိုမြင့်သည့် ပင်နီဆီလင်ဆေးတို့ဖြင့် ကုသနိုင်ရန် ရှာဖွေကြိုးပမ်းခြင်းဖြစ်သည်။

“တခြားသော ဆေးဘက်ဆိုင်ရာ ရှာဖွေ တွေ့ရှိမှုထက် ပဋိဇီဝ ဆေးရှာဖွေ တွေ့ရှိခြင်းသည် လူသားအတွက် ပိုမိုကောင်းစေသည့်အရာ ဖြစ်သည်”ဟု ဒေါက်တာ ဂေရိနော့(ရှ်)ကင်းချီက ကိုအနောက်မြောက် ဆေးတက္ကသိုလ်ကျောင်းက ပြောဆိုခဲ့သည်။ လူသန်းပေါင်းကျော် ဒုတိယ ကမ္ဘာ စစ်ကြောင့် သေဆုံးခဲ့ပြီး ဤဆေးဝါးကြောင့် လူသန်း

ပေါင်းကျော်၏ အသက်တာကို ကယ်ဆယ်ခဲ့သည်။ ဒေါက်တာ ဂူးဆဲ(လ်)မောလစ်(တ်)၊ ဖစ်လာဒဲ(လ်)ဖဲနှင့် ဟနမ်မဲ(န်) ဆေးတက္ကသိုလ်က “စစ်သည် ဆေးဝါးတိုးတက်အောင် ရှာဖွေပြုလုပ်နိုင်သည့်အရာ ဖြစ်သည်”ဟု ပြောဆိုခဲ့သည်။ ဒုတိယ ကမ္ဘာစစ် အတောအတွင်း ဆိုးသော အရာမှ ကောင်းသော အရာပေါ်ထွက်သည် သာမက ဘုရားသခင်သည် ကြီးမားသော၊ အကောင်းဆုံးသောအရာ လူသားအတွက် ပြုလုပ်ပေးသည်။

(ကောက်နှုတ်ထားသည်)